**ဘုရားစောင့်ရှောက်ပုံ။** ။မြတ်စွာဘုရားသည် ထိုနေ့၌ ခပ်စောစော ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် တရားအားထုတ်နေသော ကိုရင်ပဏ္ဍိတကို ဆင်ခြင်တော်မူလတ်သော် "ယနေ့ပင် ရဟန္တာဖြစ်လိမ့်မည်" ဟု မြင်တော်မူလေသည်၊ သို့သော် အရှင်သာရိပုတြာ ပြန်လာ၍ တရားအားထုတ်နေသော သာမဏေကို ဆွမ်းကျွေးလျှင် တရားအပြီးအဆုံးမရောက်မည်ကိုလည်း မြင်တော်မူသောကြောင့် အရှင်သာရိပုတြာလာမည့် တံခါးပေါက်သို့ ကြွ၍ နေတော်မူနှင့်လေသည်။

**အရှင်သာရိပုတြာဆွမ်းခံပြန်လာပုံ။** ။အရှင်သာရိပုတြာလည်း ကိုရင်ကလေးကို ပြန်လွှတ်ပြီးနောက် ဆွမ်းခံဝင်တော်မူလေသည်၊ ကိုရင်ကလေး၏ ရေးဘုန်း ရေးကံကြောင့် အရှင်သာရိပုတြာကို အထူးကြည်ညိုသော အိမ်၌ ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ရန် မျှော်နေစဉ် အရှင်သာရိပုတြာကို မြင်၍ ကြည်လင်ဝမ်းမြောက်စွာ ဆွမ်းကပ်လေသော် အရှင်သာရိပုတြာသည် အိမ်မှာ မဘုဉ်းပေးဘဲ ကျောင်းတော်သို့ ယူသွားမည့်အခြင်းအရာကို ပြလေသည်။

အိမ်သူ အိမ်သားတို့လည်း "အရှင်ဘုရား....ဒီမှာ ဘုဉ်းပေးတော်မူပါ၊ ပြန်ကြွတော့လည်း ထည့်လိုက်ပါဦးမည်" ဟု လျှောက်ကြသဖြင့် ဘုဉ်းပေးတော်မူပြီးလျှင် နောက်ထပ် ထည့်လှူအပ်သော ငါးကြင်းသားဟင်းနှင့် ဆွမ်းကို ယူ၍ ပြန်ကြွတော်မူလာလေသော် တံခါးမုခ်ပေါက်၌ ဘုရားရှင်နှင့် တွေ့သဖြင့် ရတ်တရက် ရှေ့တိုး၍ မကြွသာဘဲ ဖြစ်ရလေသည်၊